# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 4, 2019 Volume 17, Number 2


## မြန်မာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း တရားဝင်စတင်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးတက်ရောက်ဖွင့်လှစ်အမှာစကားပြောကြားခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်နေ့ (တနင်္လာနေ့) နံနက် ၁၁ နာရီ အချိန်တွင် ရန်ကုန်မြို့၊ နတ်မောက်လမ်းရှိ Chatrium Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မြန်မာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း( Myanmar Trade and Investment Porject - TIP) တရားဝင်စတင်ခြင်း အခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပါသည်။




အဆိုပါ စီမံကိန်းကို မြန်မာနိုင်ငံတွင် ကုန်သွယ်မှုယှဉ်ပြိုင်နိုင်မှုနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန(UK Department for International Development - DFID) ၏ ရန်ပုံငွေပံ့ပိုးမှုနှင့် နိုင်ငံတကာကုန်သွယ်ဗဟိုဌာန( International Trade Center-ITC) ၏ နည်းပညာ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးမှ နိုင်ငံ၏ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍ အချိုးကျ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည်ကိုတွေ့ရမှာဖြစ်ကြောင်း၊ နိုင်ငံ၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို ၂၀၁၅ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုဆိုလျှင် ၅ နှစ်တာကာလ ပြီးဆုံးတော့မှာဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့စတင်မည့်၏စီမံချက်မှာ အမျိုးသားပို့ကုန်မဟာဗျူဟာကို ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (Myanmar Trade and Investment Project- TIP) ကို ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့

### ၄.၃.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၆၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၃/ကျပ် |
| CBM Rate | = ၁၅၁၉.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၂.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၁.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၁၀.၃ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၇.၇ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၅.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၇၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၃၈ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၈၂ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၂.၆၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၀၇ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

ပါသည်။ ဆက်လက်၍ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ အမှုဆောင်ဒါရိုက်တာ Ms. Arancha Gonzalez၊ ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID ) မှ ကိုယ်စားလှယ် Mr. Tom Coward၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးတို့မှ အသီးသီးပြောကြားကြပါသည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဂယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအသီးသီးမှ အဆင့်မြင့်အရာရှိများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် အသင်းအဖွဲ့များမှ တာဂန်ရှိသူများ၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန အမှုဆောင်ဒါရိုက်တာ Ms. Arancha Gonzalez နှင့် ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ ပါသည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ဦးအောင်စိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် International Trade Centre – ITC မှ အမှုဆောင်ဒါရိုက်တာ Ms. Arancha Gonzalez တို့က စီမံကိန်းအကောင်အထည်ဖော်ရေး သဘောတူညီမှုမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**Source: MOC News**

## လုပ်သားဈေးကွက်တိုးတက်လာခဲ့သည့်စင်ကာပူ

စင်ကာပူနိုင်ငံသည် ယခင်နှစ်ထက်ပြည်တွင်းအလုပ်ခန့်ထားမှု တိုးပွားလာခဲ့သည်။ အလုပ်သမား လျှော့ချဖြုတ်တောက်မှုများလည်း သိသိသာသာနည်းပါးသွားခဲ့သည်ဟု Labour Market Advance Release 2018 အစီရင်ခံစာထုတ်ပြန်မှုနှင့်အတူ ၃၁.၁.၂၀၁၉ ရက်နေ့က စင်ကာပူလူ့စွမ်းအား ဝန်ကြီးဌာနမှပြောကြားခဲ့ပါသည်။

၂၀၁၈ ခုနှစ်အတွင်း အလုပ်အကိုင်ရရှိမှု မြင့်မားလာမှုတွင်နိုင်ငံခြား အိမ်တွင်းမှုအကူ လုပ်သားများအပါအဝင် ပြည်တွင်းနေထိုင်သူများ၏ အလုပ်အကိုင်ရရှိမှုများပါ ပါဝင်ပါသည်။ အားလပ် ရက်များနှင့်ပွဲတော်ရာသီ ကာလများအတွက် ငှားရမ်းမှုများကြောင့် ပိုမိုမြင့်တက်လာခြင်းဖြစ်ပါသည်။

လာမည့်နှစ်တွင် ပြည်တွင်းလုပ်သားအင်အားတိုးတက်မှုအနေဖြင့် သက်ကြီးရွယ်အိုများပြား လာမှုနှင့်မွေးဖွားမှုနှုန်းလျော့ကျလာမှုတို့ကြောင့် စီးပွားရေးတစ်ရပ်လုံးအနေဖြင့် အသင့်အတင့်သာ တိုးတက်နိုင်မည်ဖြစ်သောကြောင့် လက်ဦးမှုရယူနိုင်မှု ( Pre-emptive) နှင့် ဖြစ်လာမှ တုံ့ပြန်ခြင်းထက် အခြေအနေတစ်ရပ်အားဖြစ်ပေါ်လာစေရန် ဖန်တီးယူနိုင်မှု (Proactive) ဆိုင်ရာ လေ့ကျင့်မှုနှင့် ကျွမ်းကျင်သင်တန်းများ ပြုလုပ်သွားကြရန် လိုအပ်ပါသည်။ ကုမ္ပဏီတိုင်း အလုပ်သမားတိုင်းက Pre-emptive နှင့် Proactive တို့ကို ရှေ့တန်းတင်ရန် အစိုးရ၊ သမဂ္ဂနှင့်အလုပ်ရှင်များ သုံးဦးသုံးဖလှယ် လက်တွဲပူးပေါင်း၍ မိမိတို့ စင်ကာပူနိုင်ငံသား အလုပ်အကိုင်ကောင်းများ ရယူပိုင်ဆိုင်နိုင်ကြရန်၊ ထိုက်သင့်သည့် ကျွမ်းကျင်မှုအသစ်များ ရရှိထားကြရန်၊ လုပ်နည်းလုပ်ဟန်အသစ်များဖြင့် ကြိုးစား သွားကြရန် စင်ကာပူအစိုးရမှ တိုက်တွန်းထားကြောင်း စင်ကာပူ စီးပွားရေးသံမှူးထံမှ သိရပါသည်။

**Source: စီးပွားရေးသံမှူး (စင်ကာပူ)**

## တရုတ်အစိုးရ၏ မှောင်ခိုကုန်သွယ်မှုတားဆီးရေးကြောင့် နယ်စပ်မှမြန်မာပို့ ကုန်များ အခက်အခဲကြုံ

ယူနန်အစိုးရက တရားမဝင်ကုန်သွယ်ရေး (မှောင်ခိုစီးပွားရေး) တိုက်ဖျက်သည့် စစ်ဆင်ရေး လုပ်ဆောင်နေခြင်းကြောင့် မြန်မာနိုင်ငံမှ ဆန်၊ သကြားအပါအဝင် ပို့ကုန်များ တင်ပို့ရန်အခက်အခဲဖြစ်နေကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့က ပြောသည်။



ဖေဖော်ဝါရီ ၂၅ ရက်မှ မတ်လ ၁၅ ရက်အထိ မှောင်ခိုစီးပွားရေး တိုက်ဖျက်မှု စစ်ဆင်ရေးကာလအတွင်း ဖမ်းဆီးမိပါက ကုန်ပစ္စည်းများ၊ ကုန်တင်ယာဉ်များ သိမ်းဆည်းခြင်းနှင့် တရုတ်ကုန်သည်များကို ထောင်ချ အရေးယူခြင်းများပြုလုပ်ကြောင်း ၎င်းတို့ကပြောသည်။

အဆိုပါအခြေအနေကြောင့် တရုတ်အစိုးရက ခွဲတမ်းပေးတင်သွင်းခွင့်ပြုထားသော ဆန်တန်ချိန်အနည်းငယ်မှအပ မြန်မာနိုင်ငံမှပို့ကုန်များ တင်ပို့ရောင်းချနိုင်ခြင်းမရှိပေ။ မတ်လ ၁၅ ရက် နောက်ပိုင်းမှသာ မြန်မာပို့ကုန်များ ယခင်ကဲ့သို့ပြန်လည်တင်ပို့နိုင်မည်ဟု ဆန်ကုန်စည်ဒိုင်(မူဆယ်)မှ အသင်းဝင်တစ်ဦးကပြောသည်။

မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးဇုန်လေးခုတွင် မူဆယ်၊ ရွှေလီနယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းက ကုန်သွယ်မှု ပမာဏအများဆုံးဖြစ်သည်။ ဆန်၊ သကြား၊ ပြောင်းဖူးစေ့ အပါအဝင် မြန်မာနိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ပို့ကုန်စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်ကို မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့နေခြင်းဖြစ်သည်။ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံလမ်း၊ နယ်စပ်စီးပွားရေးဇုန်များကို နှစ်နိုင်ငံပူးပေါင်း အကောင်အထည်ဖော်ရန် အားထုတ်နေသော တရုတ်အစိုးရက မြန်မာနိုင်ငံမှလယ်ယာထွက်ကုန်များအပါအဝင် ပို့ကုန် များကို ၂၀၁၈ အောက်တိုဘာက စတင်ဖမ်းဆီးနေသည်။

နယ်စပ်မှ တရားဝင်ကုန်သွယ်ရေးကိုခွင့်ပြုခြင်းမရှိသော တရုတ်နိုင်ငံသည် မှောင်ခိုကုန်သွယ်မှု တိုက်ဖျက်ရေးကို တင်းကျပ်စွာ ထိန်းချုပ်ကိုင်တွယ်နေခြင်းကြောင့် မြန်မာနိုင်ငံအတွက် ပို့ကုန်ပမာဏလျော့ကျစေသည်။ ထို့ကြောင့် ၂၀၁၈ အောက်တိုဘာမှ ၂၀၁၉ ဖေဖော်ဝါရီ ၁၅ ရက်အထိ လေးလခွဲအတွင်း မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုက ပြီးခဲ့သည့် နှစ်ကာလတူထက် ကန်ဒေါ်လာ သန်း ၄၀၀ ခန့် လျော့နည်းခဲ့သည်။ ပြီးခဲ့သည့်နှစ် လေးလခွဲအတွင်း မူဆယ်နယ်စပ်မှ ပို့ကုန်ပမာဏ ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံခန့်ရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် ၁ ဒသမ ၄ ဘီလီယံခန့်သာ တင်ပို့နိုင်ခဲ့သည်။

မြန်မာ-တရုတ်နယ်စပ်မှ ကုန်သွယ်မှုပမာဏ တစ်နှစ်လျှင် ပျမ်းမျှဒေါ်လာ ငါးဘီလီယံကျော် ရှိသော်လည်း မြန်မာနိုင်ငံ၏ ပို့ကုန်အများစုကို တရုတ်နိုင်ငံက တရားမဝင်သာ ဝယ်ယူခဲ့သည်။ ထို့ကြောင့် ယူနန်ပြည်နယ်အတွင်း မြန်မာပို့ကုန်များ ဖမ်းဆီးခြင်း၊ တရုတ်နိုင်ငံနယ်စပ်ရှိ ဘဏ်များမှ မြန်မာကုန်သည်များ၏ ငွေစာရင်းများ အပိတ်ခံရခြင်းတို့ မကြာခဏ ကြုံတွေ့နေရသည်။

**Source:** http://www.7daydaily.com/story/151259

## ကဏန်းရှားပါးမှုကြောင့် စံမမီအကောင်ငယ်များဝယ်ယူကာ ပြန်လွှတ်နေရဟုဆို

မောင်တောနယ်စပ် အပါအဝင် ရခိုင်ပြည်နယ်ရှိ ပင်လယ်ရေငန်ရောက်ရှိသည့် ဒေသများတွင် အများဆုံး ကျက်စားနေထိုင်သည့် ကဏန်းများကို ဥဥချိန် ဖမ်းဆီးခြင်းနှင့် ကဏန်းသားပေါက်များကို အလွန်အကျွံ ဖမ်းဆီးခြင်းကြောင့် ရခိုင်ဒေသ၌ ကဏန်းများရှားပါးနေသည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်ကြောင်း ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။



ယင်းသို့ကဏန်း ရှားပါးလာမှုကြောင့် စံမမီသည့်ကဏန်း အကောင်ငယ်များကို ဖမ်းဆီးသူများထံမှဝယ်ယူကာ ပြန်လည်လွှတ်ပေးရကြောင်း ၎င်းကဆိုသည်။ သို့သော် ကဏန်းရှာဖွေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် ဥပြည့်၊ အကောင်ငယ်ဟူ၍ ခွဲခြားမနေဘဲ ရရှိသည့်ကဏန်းများကို ဖမ်းဆီး ရောင်းချ နေကြောင်း ကဏန်းရှာဖွေသူတစ်ဦးကပြောသည်။

ကဏန်းရမှ မိသားစုစားဝတ်နေရေး အဆင်ပြေမှာဖြစ်တဲ့အတွက် ဒါကတော့ ဥပြည့်ကဏန်း၊ ဒါကတော့ အကောင်သေး ကဏန်းဆိုပြီး ခွဲခြားနေလို့ မရတော့ပါဘူး။ ဖမ်းမိတဲ့ကဏန်းအားလုံးကို ရောင်းပြီးစားဝတ်နေရေး အဆင်ပြေ အောင်ဖြေရှင်းနေရကြောင်းဆိုသည်။ ရခိုင်ဒေသတွင် ပင်လယ်ကဏန်းနှင့် ရွှံ့ကဏန်းဟူ၍နှစ်မျိုးရှိပြီး ပင်လယ်ကဏန်းမှာလည်း လုံးဝမရှိသလောက်

ရှားပါးနေပြီဖြစ်ကြောင်း၊ ကဏန်းရှားပါးလာသဖြင့် ကဏန်းရောင်းဝယ်ရေး လုပ်ငန်းများလည်း မရှိသလောက် နည်းပါးပြီ ဖြစ်သည်။

**Source:** http://www.7daydaily.com/story/151112

## အိန္ဒိယအဝယ်ရပ်သော်လည်း ပြည်တွင်း၌ မတ်ပဲနှင့်ပဲစင်းငုံဈေးတက်

အိန္ဒိယမှ အဝယ်ရပ်နေသော်လည်း ပြည်တွင်းဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံဈေး အနည်းငယ်မြင့်တက်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ ၂၀၁၈ ဆောင်းရာသီတွင် စိုက်ပျိုးသော မတ်ပဲအသစ်များ လက်ရှိအချိန်၌ ဈေးကွက်အတွင်း ဝင်ရောက်နေသော်လည်း မတ်ပဲလက်ကျန်နည်းခြင်း ကြောင့် ဈေးနှုန်းမကျခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန် ကျပ်ခြောက်သိန်းခြောက်သောင်းခန့်နှင့် ၂၀၁၇ ပဲစင်းငုံက ကျပ်ခုနစ်သိန်းခန့်ဈေးရှိနေသည်။ အိန္ဒိယနိုင်ငံက ပဲတင်သွင်းခွင့်ကို ဇန်နဝါရီလကုန်၌ ရပ်ဆိုင်းချိန်တွင် ပြည်တွင်း ဈေးကွက်၌ မတ်ပဲတစ်တန်လျှင် ကျပ်ငါးသိန်းခြောက်သောင်းသို့ ကျဆင်းခဲ့သည်။ မြန်မာနိုင်ငံတွင် ဆောင်းရာသီ၌ စိုက်ပျိုးထုတ်လုပ်သော မတ်ပဲ ၇၀ ရာခိုင်နှုန်းကို အိန္ဒိယသို့တင်ပို့နေပြီ အိန္ဒိယက အဝယ်ရပ်ချိန်တွင် ဈေးနှုန်း ရုတ်တက် ကျဆင်း၍ ပဲ၊ နှမ်းအသင်းနှင့်တောင်သူများစိုးရိမ်ခဲ့သည်။

ထို့ကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး မြန်မာနိုင်ငံ ပဲ၊ နှမ်းအသင်းမှ ကိုယ်စားလှယ်များ အိန္ဒိယနိုင်ငံသို့ ဖေဖော်ဝါရီ တတိယပတ်တွင် သွားရောက်ညှိနှိုင်းတောင်းဆိုမှုများပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် လေးသိန်းခန့်ကို ယခုနှစ်အတွင်း ဝယ်ယူရန်နှင့် အိန္ဒိယအစိုးရ၏ လာမည့်ဘတ်ဂျက်အတွင်း မြန်မာနိုင်ငံမှ ပဲမျိုးစုံဝယ်ယူမည့် ခွဲတမ်းပမာဏ တိုးမြှင့်ပေးရန်တို့ကို အိန္ဒိယအစိုးရထံ တောင်းဆိုခဲ့သည်။ လက်ရှိ မတ်ပဲ အသစ်ပေါ်ချိန်တွင် တစ်တင်း ကျပ် ၂၅,၀၀၀ ဝန်းကျင်ဈေးရှိခြင်းကြောင့် လယ်သမားများ အဆင်ပြေသည်ဟု ဓနဖြူ မြို့နယ်မှ လယ်သမားဦးသိန်းအောင်ကပြောသည်။

**Source:** http://www.7daydaily.com/story/151254

## အိန္ဒိယက မြန်မာတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန်ပြင်ဆင်

တရုတ်စီးပွားရေးလုပ်ငန်းများ ခြေလှမ်းသွက်လာချိန်တွင် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရန်ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံကုန်သည်၊ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌဒေါက်တာ မောင်မောင်လေး က ပြောသည်။ အိန္ဒိယစီးပွားရေးကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ ပညာရေးနှင့် သတင်းအချက် အလက်နည်းပညာ ကဏ္ဍပူးပေါင်း ဆောင်ရွက်ရေးတို့မြှင့်တင်ရန် အိန္ဒိယနိုင်ငံက ခြေလှမ်းစတင်နေသည်ဟု ၎င်းကဆိုသည်။

အိန္ဒိယက ရင်းနှီးမြှုပ်နှံမှုတွေ တိုးချဲ့လုပ်ချင်တယ်လို့ သံအမတ်ကြီးကပြောတယ်'ဟု ဒေါက်တာမောင်မောင်လေး က ပြောသည်။ ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr.Saurabh Kumar သည် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းထံ လာရောက်တွေ့ဆုံပြီး အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များ၏ ဆန္ဒကို ပြောကြားသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၌ ဇန်နဂါရီလကုန်အထိ လုပ်ငန်း ၃၀ နှင့် ကန်ဒေါ်လာ ၇၆၃ သန်းကျော် ရင်းနှီးမြှုပ်နှံ ထားသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းဒေါ်လာ ၇၉ ဘီလီယံခန့်တွင် အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏ ၁ ရာခိုင်နှုန်းခန့်သာရှိသည်။

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနည်းသော အိန္ဒိယနိုင်ငံသည် လက်ရှိအချိန်တွင် စီးပွားရေးလုပ်ငန်းများတိုးချဲ့ရန် မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တာဝန်ရှိသူများ၊ ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင် များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ လျှပ်စစ်ထုတ်လုပ်၊ ဖြန့်ဖြူးရေးကဏ္ဍနှင့် စက်မှုလယ်ယာကဏ္ဍအတွက် လယ်ယာသုံး စက်ပစ္စည်းများ တင်သွင်းရောင်းချခြင်း၊ ထုတ်လုပ်ခြင်းကဏ္ဍတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းများက ရင်းနှီးမြှုပ်နှံ လိုသည်ဟုဆိုသည်။ ထို့အပြင် ဘဏ်လုပ်ငန်း၊ အိုင်တီနည်းပညာကဏ္ဍနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ကလည်း တစ်နိုင်ငံလုံး လွှမ်းခြုံ လုံလောက်မှုမရှိခြင်းက အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များကို ဆွဲဆောင်မှုတစ်ခု ဖြစ်သည်ဟု ယခင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်က ပြောကြားထားသည်။

အိန္ဒိယသံရုံးမှတစ်ဆင့် မြန်မာနိုင်ငံခရီးစဉ်အပြီးတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံပြီး စီးပွားရေး လုပ်ကိုင်ရန် ပြင်ဆင်မှုများရှိနေသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ကဏ္ဍတွင် အိန္ဒိယနိုင်ငံသည် ၃ ရာခိုင်နှုန်းခန့်ပါဝင်ပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနစာရင်းများအရ ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော်ကုန်သွယ်ခဲ့သည်။

**Source:** http://www.7daydaily.com/story/151255

## နှစ်သစ်ကူးအပြီး တရုတ်သို့ ကုန်စည်ပို့ ဆောင်ခ ဈေးအနည်းငယ်ကျ



တရုတ်နှစ်သစ်ကူးအပြီး ဖရဲ၊ သခွားမွှေးတင်ပို့မှုများသော်လည်း တရုတ်နိုင်ငံမှ သွင်းကုန်နည်းခြင်းကြောင့် ကုန်စည်ပို့ဆောင်ခများ ကျဆင်းကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်းမှူဆယ် ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောသည်။ တရုတ်နိုင်ငံမှ သွင်းကုန် ပမာဏနည်းခြင်းကြောင့် ကုန်တင်ယာဉ်များကအသီးများပို့ဆောင်ပြီး ချက်ချင်းပြန်ဆင်းလာရကာ ထိုအခြေအနေက အသီးတင်မည့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများတွင် ကုန်တင်ယာဉ်အရေအတွက်များပြီး ဈေးကျလာခြင်းဖြစ်သည်ဟု ကုန်တင်ယာဉ်ပိုင်ရှင်အချို့က ပြောသည်။

ဖေဖော်ဝါရီလဆန်းတွင် တရုတ်နှစ်သစ်ကူး ပိတ်ရက်များကြောင့် မြန်မာနိုင်ငံမှ အသီးတင်ပို့မှုရပ်ဆိုင်းထားသည်။ ဖေဖော်ဝါရီလလယ် ဈေးကွက်ပြန်လည်ဖွင့်ချိန်၌ ဝယ်လိုအားကောင်းသဖြင့် အသီးတင်ပို့မှု မြင့်တက်လာကာ အသီးတင်ပို့သည့်ယာဉ်တစ်စီး၏ ကုန်စည်ပို့ဆောင်ခ ကျပ် သိန်း ၂၀ ဈေးရရှိသည်ဟုဆို သည်။

သို့သော် ဖေဖော်ဝါရီလကုန်ပိုင်းကစတင်ပြီး ဖရဲစိုက်ပျိုးသည့် ရေဝတီတိုင်း ကျောင်းကုန်းမြို့နယ်မှ မူဆယ်သို့ ၁၇ တန် တင်ဆောင်သည့် ၁၂ ဘီးယာဉ်တစ်စီး၏ ကုန်စည်ပို့ဆောင်ခက ယခုရက်ပိုင်းတွင် ကျပ် ၁,၇၀၀,၀၀၀ ဈေးရှိသည်။ အဆိုပါဈေးနှုန်းက နှစ်သစ်ကူးအပြီး ရက်ပိုင်းအတွင်း ကုန်စည်ပို့ဆောင်ခထက် သုံးသိန်းခန့် လျော့နည်းခြင်းဖြစ်သည်။

ရန်ကုန်၊ မူဆယ်ကုန်စည် ပို့ဆောင်ခသည် ယခုရက်ပိုင်းတွင် တစ်တန်လျှင် ကျပ် ၇၀,၀၀၀ ခန့်ဈေးရှိကြောင်း ၎င်းကပြောသည်။မြန်မာနိုင်ငံ၏ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများသည် ဖရဲ၊ သခွားရာသီတွင် ကုန်စည်ပို့ဆောင်ခ မြင့်တက်သော်လည်း စက်သုံးဆီဈေးမြင့်တက်လာခြင်းကို ကုန်တင်ယာဉ်ပိုင်ရှင်အချို့က စိုးရိမ်နေသည်။

မြန်မာနိုင်ငံ၌ ၂၀၁၈ နှစ်ကုန်ပိုင်းတွင် စက်သုံးဆီဈေးနှုန်း ဆက်တိုက်မြင့်တက်ခဲ့ခြင်းကြောင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ်ပိုင်ရှင်များ အခက်အခဲကြုံတွေ့ခဲ့ရသည်။ ပြည်တွင်း စက်သုံးဆီဈေးကွက် အခြေအနေသည် အတက်အကျတွင်ရှိနေသော်လည်း လက်ရှိအခြေအနေက လုပ်သာကိုင်သာရှိနေကြောင်း ဘုရင့်နောင်တွင် ကုန်စည်ပို့ဆောင်ရေးဂိတ် ဖွင့်လှစ်ထားသည့် ကုန်တင်ယာဉ် ပိုင်ရှင်တစ်ဦးကပြောသည်။

**Source:** http://www.7daydaily.com/story/151195

## စက်သုံးဆီဈေး အနည်းငယ်ပြန်တက်

ပြည်တွင်း စက်သုံးဆီဈေးသည် ဖေဖော်ဝါရီလလယ်ကစ၍ ဆက်တိုက်မြင့်တက်နေပြီး ၁၀ ရက်အတွင်း စက်သုံးဆီ အမျိုးအစား တစ်ခုချင်းအလိုက် တစ်လီတာလျှင် ၁၀ ကျပ်နှုန်း ဈေးတက်ခဲ့ကြောင်း ဈေးကွက်စာရင်းများက ဆိုသည်။

မတ်လ ၁ ရက်တွင် ရန်ကုန်အထိုင်ဈေးကွက်ရှိ စက်သုံးဆီ အရောင်းဆိုင်အများစု၌ အောက်တိန်း- 92 တစ်လီတာလျှင် ကျပ် ၇၃၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၂၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၂၀ နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၉၃၀ နှုန်း ရောင်းချခဲ့သည်။

ကျွဲကော်ရေနံစိမ်းဈေး အပြောင်းအလဲက ပြည်တွင်းကို လာရိုက်ခတ်တာပါ။ ခရီးသွားရာသီလည်း ရောက်လာတော့ ဈေးနှုန်းအတက်ဘက်မှာ ဆက်ရှိနေဖို့များတယ်”ဟု စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင် တစ်ဦးကပြော သည်။ ကျွဲကော်ရေနံစိမ်းဈေးသည် ၁၀ ရက်အတွင်း လေးဒေါ်လာခန့် မြင့်တက်ခဲ့သည်။

**Source:** http://www.7daydaily.com/story/151150

## တောင်ကုတ်ဒေသတွင် ငရုတ်ကောင်းဈေးကျနေဟုဆို

တရုတ်နိုင်ငံသို့ တင်ပို့မှုနည်းသဖြင့် တောင်ကုတ်ဒေသတွင် ငရုတ်ကောင်းများ ယခင်နှစ်ထက် ဈေးကျ နေကြောင်း ငရုတ်ကောင်း ရောင်းဝယ်သူအချို့က ပြောသည်။ တောင်ကုတ်မြို့နယ်တွင် ငရုတ်ကောင်းများကို ရွာမတိုက်နယ်နှင့် အနီးဝန်းကျင်ကျေးရွာများ၌ အများဆုံးစိုက်ပျိုးပြီး ယခုနှစ်တွင် ငရုတ်ကောင်း တစ်ပိဿာကျပ် ခုနစ်ထောင် ဈေးသာရှိသည်ဟု ရွာမ တိုက်နယ်မှငရုတ်ကောင်း တင်ပို့သူ ကိုဇော်လင်းထွန်းကပြောသည်။

အခုတရုတ်ဘက်ကို တင်ပို့ရမှုနည်းနေတဲ့အတွက် ဈေးကလည်းကျနေတာပါ။ ပြီးခဲ့တဲ့နှစ်ကတော့ ငရုတ်ကောင်း တစ်ပိဿာကို ကျပ်တစ်သောင်းကျော်ထိ ဈေးရခဲ့ပါတယ်ဟု ၎င်းကဆိုသည်။ ရခိုင်ဒေသထွက် ငရုတ်ကောင်းများကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရပြီး ပြည်နယ်အတွင်းရှိ ဈေးကွက်သို့လည်း တင်ပို့ရောင်းချရကြောင်း ငရုတ်ကောင်း စိုက်သူများက ပြောသည်။

**Source:** http://www.7daydaily.com/story/151109

## တရုတ်မှ ကုန်ကြမ်းမှာကာ ပြည်တွင်းတွင်ထုတ်လုပ်သည့် သုံးဘီးဆိုင်ကယ်များ အရစ်ကျရောင်းချမည်




တရုတ်နိုင်ငံမှ လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ မှာယူကာ ပြည်တွင်း၌ ဒီဇိုင်းရေးဆွဲပြီး ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ပထမဆုံး တပ်ဆင်ထုတ်လုပ်သည့် Matador သုံးဘီး ဆိုင်ကယ်များကို မြန်မာနိုင်ငံအနှံ့အပြားတွင် ရောင်းချမည် ဟု UMG Mo-tor ကုမ္ပဏီက သတင်းထုတ်ပြန်သည်။ နည်းပညာရှင်တွေက တရုတ်ဘက်ကနေ လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေ မှာပြီးတော့ ကိုယ့်ရဲ့ ကိုယ်ပိုင်အမှတ် တံဆိပ်ဖြစ်အောင် ဒီဇိုင်းရေးဆွဲပြီး ကြိုးစားပြီး တည်ဆောက်ခဲ့ပါတယ်။ Matador သုံးဘီး ဆိုင်ကယ်တွေကို ပြည်တွင်းမှာတင် တပ်ဆင်ပြီးတော့ ထုတ်လုပ်တာ ဖြစ်ကြောင်း UMG Motor ကုမ္ပဏီ အရောင်းမန်နေဂျာ ကိုဆိုင်မွန်ကောင်းကြွယ်ကပြောသည်။

UMG Motor ကုမ္ပဏီသည် ဖေဖော်ဝါရီ ၂၈ ရက်က မနော်ရမ္မံကွင်း၌ အများပြည်သူလေ့လာနိုင်ရန် သုံးဘီး ဆိုင်ကယ် ဒီဇိုင်းများ မိတ်ဆက်ပြသခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင် ၅၀ ကျော်မှတစ်ဆင့် ဖြန့်ဖြူးရောင်းချမည်ဖြစ်သည်။ Matador သည် အသစ်မိတ်ဆက်သည့် လူစီးသုံးဘီးဆိုင်ကယ်နှစ်မျိုးနှင့် ကုန်တင်သုံးဘီးယာဉ်နှစ်မျိုးကို အနည်းဆုံး ခြောက်လမှ အများဆုံး ၂ နှစ်အထိ သတ်မှတ်ကာ အရစ်ကျစနစ်ဖြင့်ရောင်းချမည်ဖြစ်ပြီး ဈေးနှုန်း ကျပ်သိန်း ၄၀ ခန့်က စတင်၍ မော်ဒယ်အလိုက် ပြောင်းလဲမည်ဖြစ်သည်။

**Source:** http://www.7daydaily.com/story/151148

## လျှော်ဖြူကို တရုတ်နိုင်ငံသာမက အခြားနိုင်ငံများသို့ပါ တင်ပို့ရောင်းချရန် စီစဉ်နေဟုဆို

လျှော်ဖြူဈေးကွက် ကျဆင်းနေခြင်းကြောင့် တရုတ်နိုင်ငံသာမက အခြားနိုင်ငံများသို့ပါ တင်ပို့ရောင်းချရန် စီစဉ် ဆောင်ရွက်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းက ပြောသည်။ ယခုနှစ်တွင် လျှော်ဖြူအမြင့်ဆုံးဈေးသည် တစ်ပိဿာကျပ် ၂၅,၀၀၀ ခန့်အထိ

ကျဆင်းခဲ့ခြင်းကြောင့် တရုတ်စျေးကွက်သာမက အခြားနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြထားသည်။ "တရုတ်စျေးကွက်မှာ စျေးကစားတဲ့အတွက် လျှော်ဖြူစျေးကွက်ကျတာပါ။ စျေးကျပေမယ့် လျှော်ဖြူ စိုက်တဲ့သူက ပိုများလာတယ်။ တရုတ်စျေးကွက်သာမက တခြားနိုင်ငံစျေးကွက်ပါ တင်ပို့ရောင်းချနိုင်အောင် ကြိုးစားနေပါတယ်။ စျေးကျတဲ့အတွက် တောင်သူအနေနဲ့တော့ အကျိုးအမြတ် နည်းတာပေါ့။ ဒီထက်စျေးကျလို့ တောင်သူရှုံးပြီဆိုရင် လျှော်ဖြူ မထုတ်ကြတော့ဘူး"ဟု ဦးဇော်မင်းက ပြောသည်။

စစ်ကိုင်းတိုင်း လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ စာရင်းကောက်ယူမှုများအရ တစ်တိုင်းလုံးတွင် လျှော်ဖြူစိုက်ဧက ၂၅,၀၀၀ ခန့်ရှိကြောင်း ၎င်းက ပြောသည်။

"လျှော်ဖြူက ဖွန်လကနေ နိုဝင်ဘာအထိ အစေးအထွက်အကောင်းဆုံးပါ။ မတ်လနဲ့ ဧပြီမှာ လျှော်ဖြူ မထွက်တော့ စျေးကောင်းရတဲ့အချိန်ပေါ့။ ပြီးခဲ့တဲ့ ၂၀၁၇ ဧပြီမှာ လျှော်ဖြူတစ်ပိဿာ ၈၀,၀၀၀ ကျော်အထိ ရခဲ့တယ်။ သနပ်ခါးစျေးမကောင်းတော့ စျေးကောင်းတဲ့ လျှော်ဖြူ ပြောင်းစိုက်တဲ့နှစ်ပေါ့။ ၂၀၁၈ မှာ တစ်ပိဿာ ၄၅,၀၀၀၊ ၅၀,၀၀၀ အထိရတယ်။ ဒီနှစ်စျေးကတော့ ၁၅,၀၀၀ကနေ ၂၅,၀၀၀ လောက်ရောင်းရတယ်။ တစ်ခါတစ်ရံ တရုတ်ဝယ်လက်က မဝယ်ဘူးဆိုရင် တောင်သူတွေ ဘယ်ရောင်းရမှန်း မသိတော့ဘူး" ဟု အရာတော်မြို့ ဒေသခံ လျှော်ဖြူစိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။

လျှော်ဖြူ (ခ) ဆေးကုလားမကို စားသောက်ကုန်၊ လူသုံးကုန်များအဖြစ် အဓိကထုတ်လုပ်ရန် တရုတ်နိုင်ငံက ဝယ်ယူ ခဲ့သည့်နောက်ပိုင်း မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများတွင် အများဆုံးစိုက်ပျိုးခဲ့ကြောင်း မန္တလေးမြို့ဒေသခံ လျှော်ဖြူရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးကပြောသည်။

**Source:** http://www.7daydaily.com/story/151111

TIR